ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)
# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)

မရမ်းဘေားကျေးရွာ၊ မရမ်းဘေားကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

## မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ..........၂

၂။ မရမ်းဘေားကျေးရွာအုပ်စုမြေပုံ..........၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း..........၄

၄။ကျေးရွာအခြေခံအချက်အလက်များ..........၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်..........၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ...၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..........၁၉

၈။ကျေးရွာကော်မတီစာရင်း.......... ၂၀


၉။ပုံစံ-၁။ကျေးရွာအချက်အလက် .......... ၂၂

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်..........၂၅

၁၁။အစည်းအဝေးမှတ်တမ်းများ..........၂၈


၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)..........၃၃

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ မရမ်းဘေးကျေးရွာ အုပ်စုမြေပုံ




## ၃။မရမ်းဘေးကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ မရမ်းဘေးကျေးရွာ

၂။အာဂကောက်ကျေးရွာ

၃။အောင်သပြေကျေးရွာ

၄။သုခအောင်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

မရမ်းဘေးကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် မနီးမဝေးမှာရှိသောရွာတစ်ရွာဖြစ်ပါသည်။မရမ်းဘေးကျေးရွာစတင်ဖြစ်ပေါ်လာခဲ့သည်မှာနှစ်ပေါင်း(၁၀၀)ခန့်ရှိပါသည်။မရမ်းဘေးကျေးရွာသည် မရမ်းချောင်း၏နံဘေးတွင် တည်ရှိသောကြောင့် မရမ်းဘေးကျေးရွာဟု အမည်ပေးခဲ့ပါသည်။ လွန်ခဲ့သော၁၅နှစ်ခန့်ကအထိပင်လယ်ရေစီးပြီးနောက်ပိုင်းတွင် မစီးဆင်းတော့ပါ။ ရွာလမ်းများမှာ ကွန်ကရစ်လမ်းများဖြစ်ပြီးစပေအကျယ်၄လက်မထုရှိပါသည်။မရမ်းဘေးကျေးရွာသည် အဓိကစီးပွားရေးအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကလုပ်ကိုင်စားသောက်ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာစပါးနှင့်ပဲများဖြစ်ပြီး မွေးမြူရေးမှာဆိတ်၊ဝက်၊ကြက်တို့ကို မွေးမြူလုပ်ကိုင်ကြပါသည်။ မရမ်းဘေးကျေးရွာနှင့်နယ်နိမိတ်ချင်းထိစပ်နေသော ရွာများမှာအရှေ့ဘက်တွင် အဝကောက်ကျေးရွာ၊ အနောက်ဘက်တွင် ပုတ္တာလုတ်ကျေးရွာ၊တောင်ဘက်တွင်သုခအောင်ကျေးရွာ၊မြောက်ဘက်တွင်သုံးခွမြို့နယ်တို့ဖြစ်ပါသည်။ မရမ်းဘေးကျေးရွာသည်ကျောက်တန်းမြို့နယ် နှင့်၂၂မိုင်ခန့်ကွာဝေးပါသည်။ မရမ်းဘေးကျေးရွာမှကျောက်တန်းသို့ မိုးရာသီတွင်ဆိုင်ကယ်၊ကားဖြင့်သွားရပါသည်၏ နွေရာသီတွင်လဲဆိုင်ကယ်၊ကားဖြင့်သွားလာ၍ရသည်။ ဝင်ငွေအသင့်အတင့်ကောင်းမွန်မှု ရှိပါသည်။ ပညာရေးကို အလေးထားဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကို တစ်ဦး ရိုင်းပင်း ကူညီကြပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၃၂ | ၁၈ | ၁၄ | ၃၂ |
| မြေယာမဲ့ | ၄ | ၅ | ၈ | ၁၃ |
| မသန်စွမ်း | ၁ | ၁ | ၀ | ၁ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | - |
| ပဲတီစိမ်း | ဝက် | - | - |
| - | ဆိတ် | - | - |
| - | ဘဲ | - | - |
| - | နွား/ကျွဲ | - | - |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၀၀ | | - | - | ၁ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၇ | ၂ | ၃ | ၈ | ၃ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၃ | ၂ | - | ၃၀ | ၄၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၅၀ | ၁၈ | ၇ | ၆၀ | ၇ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၉-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၂ | ၆ | ၁၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၉-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၂ | ၆ | ၁၈ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၁၉-၁၁-၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၁၀ | ၈ | ၁၈ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများ နှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သတ်မှတ်ချက် | ၁၉-၁၁-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၂ | ၆ | ၁၈ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၉-၁၁-၂၀၁၉ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၂ | ၆ | ၁၈ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၄-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၁၀ | ၈ | ၁၈ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




### သုံးသပ်ချက်

မရမ်းဘေးအုပ်စု၊ မရမ်းဘေးကျေးရွာသည် ကျောက်တန်းမြို့၏ တောင်ဘက်တွင် တည်ရှိပြီး အိမ် ထောင်စု(၂၀၈)စုကျား(၃၉၄)မ(၄၂၈)ဖြင့်တည်ရှိနေသောရွာတစ်ရွာဖြစ်ပါသည်။အသက်မွေးဝမ်းကြောင်း အနေဖြင့်လယ်ယာလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ရွာတွင်းတွင်နေထိုင်ကြသူအများ သည်ဗုဒ္ဓဘာသာလူမျိုးစုများဖြစ်ကြပါသည်။နည်းပညာဖြင့်စိုက်ပျိုးထုတ်လုပ်သောကုန်ပစ္စည်းများနှင့်အသီးအ ရွက်များနည်းပါးပါသည်။ရွာတွင်းလမ်းမကြီးမှာကွန်ကရစ်လမ်းမကြီးဖြစ်ပါသည်။

ကျေးရွာအတွင်းတွင်အလယ်တန်းဘုရားနစ်ဆူ၊စာသင်ကျောင်း၊ကျေးလက်ဆေးပေးခန်း၊ရေကန်သုံး ကန်၊အဂီစိတွင်းတစ်တွင်း၊ဘုန်းကြီးကျောင်းတစ်ကျောင်း၊စာကြည့်တိုက်နှင့်မှုခ်ဦးဆိုင်းဘုတ်တစ်ခုစီရှိပါသည်။ ရွာ၏မြောက်ဘက်တွင်သုသာန်တစ်ခုရှိပါသည်။မရမ်းဘေးကျေးရွာတွင်ချမ်းသာသောအိမ်မှာနည်းပါးပြီးအလ ယ်အလတ်အဆင့်ရှိသောအိမ်အရေအတွက်ကပိုများပါသည်။ရွာ၏အနောက်ဘက်နှင့်အရှေ့ဘက်တွင်လယ် ကွင်း၊စိုက်ကွင်းများရှိပါသည်ကျေးရွာ၏လိုအပ်ချက်မှာ- ရွာတွင်းလမ်းများတိုးချဲ့ရန်၊ ရေကန်ခြံစည်းရိုးခတ်ရန် ၊ဆေးပေးခန်းပြုပြင်ရန်၊ စာကြည့်တိုက်တည်ဆောက်ရန်နှင့်၊ ကန်ကြားလမ်းကွန်ကရစ်ခင်းရန်တို့ဖြစ်ပါသည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ကျား(၁၀)၊မ(၈)

ဥစ္စာဓနကြွယ်ဝမှု သတ်မှတ်ချက်

၁၃.၂.၂၀၁၇
မရမ်းဘေးကျေးရွာ


| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စုဦးရေ | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သောအဆင့် | လယ်/ယာ (၅၀)ကေ အထက်၊ ဂွန်ဒေါင်း၊ မီးစက်၊ သွပ်မိုး၊ ပျဉ်ထောင် | ၁၀ | ၅% |
| အလယ်အလတ် | လယ်/ယာ (၁ကေ→၃၀ကေ) ဂွန်ဒေါင်း၊ နွားပျံ၊ ခြွေလှေ့စက်၊ သွပ်မိုး၊ ထရံကာ | ၆၂ | ၃၀% |
| နွမ်းပါး | ဆိတ်(ပါး)ကောင်၊ စက်ဘီး၊ ဆိုလာ၊ ဓနိမိုး၊ ထရံကာ | ၁၃၆ | ၆၅% |
| စုစုပေါင်း | | ၂၀၈ | ၁၀၀% |

**သုံးသပ်ချက်**

မရမ်းဘေးကျေးရွာတွင် ပြေလည်၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့်(၃)ဆင့် ရှိပါသည်။ ပြေလည်သော အဆင့်မှာ အိမ်၊ လယ်(၅၀)ကေ မထက်၊ ဂွန်ဒေါင်း၊ မီးစက်၊ ပျဉ်ထောင်တို့ကိုလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အိမ်ထောင်စုမှာ(၁၀)စုနှင့်ရာခိုင်နှုန်းမှာ (၅%)ရှိပါသည်။ အလယ်အလတ်အဆင့်တွင် လယ်ကေ ၃၀ အတွင်း၊ဂွန်ဒေါင်း၊ ခြွေလှေ့စက်၊ သွပ်မိုး၊ ထရံကာ၊ နွားပျံတို့ကို ပိုင်ဆိုင်ကြပါသည်။ အိမ်ထောင်စုမှာ (၆၂)စုနှင့် ရာခိုင်နှုန်းမှာ(၃၀%)ရှိပါသည်။နွမ်းပါးသောအဆင့်မှာ ဆိတ်ပါးကောင်၊စက်ဘီး၊ဆိုလာ၊ ဓနိမိုး၊ ထရံကာ၊တို့ကိုပိုင်ဆိုင်ကြပါသည်။ အိမ်ထောင်စုအမှာ(၁၃၆)စု ရာခိုင်နှုန်းမှာ (၆၅%)ရှိသည်ဟုကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း အလွန်နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ပညာအရည်အချင်းနည်းပါးရခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**၁။ရာသီဥတု** - တပေါင်း၊ တန်ခူး ၊ကဆုန်လများတွင် နေအပူရှိန်ပြင်းပြီး သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်မိုးအနည်းငယ်ရွာ၍ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင်မိုးများပါသည်။နတ်တော်၊ပြာသို၊တပို့တွဲလများတွင်နှင်းအနည်းငယ် ကျပြီး နေပူပါသည်။

**၂။ပွဲလမ်းသဘင်**- တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင်ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် သင်္ကန်းကပ်ပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲ နှင့် တပေါင်းလတွင်ဘုရားပွဲများကျင်းပကြပါသည်။

**၃။လုပ်ငန်းအားလပ်ချိန်** - ကျေးရွာနေရွာသူရွာသားများသည် တန်ခူး၊ ကဆုန်၊ တော်သလင်း၊ သီတင်းကျွတ်နှင့် ပြာသိုလများတွင် အလုပ်အနည်းငယ်ပါး၍ လုပ်ငန်းအားလပ်ချိန် ပိုမိုရရှိကြပါသည်။

**၄။စိုက်ပျိုးရေး** - စပါးစိုက်ပျိုးခြင်းကို နယုန်လတွင် စတင်စိုက်ပျိုးပြီး ဝါဆိုလနှင့် ဝါခေါင်လတို့တွင် ပျိုးနုတ်၊ ကောက်စိုက်ကြသည်။ နတ်တော်လတွင် ပဲတီစိမ်းကို သီးထပ်အဖြစ် စိုက်ပျိုးကြပြီး တပို့တွဲနှင့် တပေါင်းလတို့တွင် ပဲတီစိမ်းကိုရူးကြပါသည်။

**၅။မွေးမြူရေး**-မိသားစုတနိုင်တပိုင်ဖင်ငွေရရှိရန် ဆိတ်၊ ဂက်၊ ဘဲ မွေးမြူရေးကိုတစ်နှစ်ပတ်လုံးလုပ်ကိုင်ကြသည်။

**၆။လမ်းပန်းဆက်သွယ်ရေး** - ဝါဆို၊ ဝါခေါင် တော်သလင်းလများတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ကဆုန်၊ နယုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် လမ်းပန်း ဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်ပါသည်။ ပြာသို၊ တပို့တွဲ၊ တန်းခူးလတို့တွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။

**၇။သဘာဝဘေးအန္တရာယ်**-ကျေးရွာတွင်တစ်နှစ်ပတ်လုံးအနေဖြင့်သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းမရှိပါ။

**၈။သောက်သုံးရေရရှိမှု**-တနှစ်ပတ်လုံးအနေဖြင့် ရွာသူရွာသားများ အတွက် သောက်သုံးရေရရှိမှုမှာ လုံလောက်မှုရှိပါသည်။

## ၄။ ဗင်းပုံစံ သုံးသပ်ချက်။




### သုံးသပ်ချက်

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူးနှင့် မီးသတ်အဖွဲ့တို့သည် ကျေးရွာကိုဖွံ့ဖြိုးတိုးတက်ရေးမြင့်မားအောင် ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများ ၏ အခက်အခဲများကိုမိခင်နှင့်ကလေးအဖွဲ့နှင့်ကျေးရွာလူထုတို့ကဖြေရှင်းပေးပါသည်။အမျိုးသား ၊အမျိုးသမီး အဖွဲ့နှင့်ဂေါပကအဖွဲ့တို့သည်ကျေးရွာဘာသာရေး၊သာသနာရေး၊နာရေးကိစ္စရပ်များကိုရေရှည်ဆောင် ရွကကြပါသည်။ကျေးရွာအတွင်းရှိကြက်ခြေနီအဖွဲ့သည်ကျေးရွာသူကျေးရွာသားများကို ကျန်းမာရေး စောင့်ရှောက်မှုများကိုလုပ်ဆောင်ပါသည်။မြစိမ်းရောင်အဖွဲ့အစည်းများနှင့်သမအဖွဲ့အစည်းများသည် ကျေးရွာ၏စီးပွားရေးလုပ်ငန်းများအားတိုးချဲ့လုပ်ဆောင်ခြင်း၊ကျေးရွာ၏အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဖြစ်ထုတ်ချေးထားသည်ကိုတွေ့ရှိရပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သောမြို့နယ်ထွေအုပ်၊ လ၀ကဌာန၊ရဲစခန်းအဖွဲ့၊မြစိမ်းရောင်အဖွဲ့၊ ပညာရေးအဖွဲ့များသည်လည်းကျေးရွာအဖွဲ့အစည်းများနှင့်ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက် နေသည်ကိုလဲတွေ့ရှိရပါသည်။ကျေးရွာလူထုနှင့်လူထုဗဟိုပြုစီမံကိန်းရုံးတို့ချိတ်ဆက်၍ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုကျေးရွာလူထုနှင့်အတူအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ၅။ ပင့်ကူအိမ် သုံးသပ်ချက်။



## သုံးသပ်ချက်

### ၁။ အရင်းအမြစ်အသုံးချနိုင်မှု

ကျေးရွာအတွင်းအရင်းအမြစ်များအသုံးချရာတွင် အမျိုးသားများက အမျိုးသမီးများထက်ပိုမို အသုံးချနေသည်ကို တွေ့ရှိရပါသည်။

### ၂။ ပညာသင်ကြားခွင့်

ကျေးရွာ၏ပညာသင်ကြားခွင့်ရရှိမှုတွင် အမျိုးသား အမျိုးသမီးတန်းတူအခွင့်အရေး ရရှိနေသည်ကိုတွေ့ရှိရပါသည်။

### ၃။ ကျန်းမာရေးအသိပညာ

ကျေးရွာအတွင်း အမျိုးသားများနှင့် အမျိုးသမီးများ၏ကျန်းမာရေးခြားနားမှုအနည်းငယ်သာရှိပြီး အမျိုးသားများက ပိုကျန်းမာသည်ကို တွေ့ရှိရပါသည်။

### ၄။ လူမှုရေးလုပ်ငန်းများတွင်ဦးဆောင်နိုင်မှု

ကျေးရွာ၏ ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ မြန်မာ့ထုံးတမ်းအစဉ်အလာအရ အမျိုးသားများကဦးဆောင်နေသည်ကို တွေ့ရှိရပါသည်။

### ၅။ အိမ်မှုကိစ္စဆောင်ရွက်မှု

အမျိုးသမီးများသည် အမျိုးသားများထက် အိမ်မှုကိစ္စဆောင်ရွက်မှုတွင်ပိုမိုဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများက ဝင်ငွေထွက်ရှာရသောကြောင့်ဖြစ်ပါသည်။

### ၆။ ဝင်ငွေရရှိမှု

အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေပိုရနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အချိန်ကုန်နေရသောကြောင့်ဖြစ်ပါသည်။


### ၇။ ဘေးကင်းလုံခြုံမှု

ကျေးရွာအတွင်းအမျိုးသားများသည် အမျိုးသမီးများထက် လုံခြုံမှု ပိုရှိသည်ကို တွေ့ရှိရပြီး အမျိုးသမီးများသည် ခန္ဓာကိုယ် ဖွဲ့စည်းပုံအရ အားနည်းသောကြောင့်ဖြစ်ပါသည်။


## ၈။ အဖွဲ့အစည်းများတွင်ပါဝင်ခွင့်

ကျေးရွာတွင်အဖွဲ့အစည်းများတွင် အမျိုးသားနှင့် အမျိုးသမီးတန်းတူအခွင့်အရေးမရသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများသည် အနည်းငယ်မျှ ပိုမို ပါဝင်ခွင့် ရရှိနေသည်ကို တွေ့ရပါသည်။

## ၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။




ပါဝင်ဆွေးနွေးသူ-ကျား(၁၀)၊မ(၈)




**သုံးသပ်ချက်**

**ထိန်းချုပ်မှု**

ကျေးရွာ၏အရင်းအမြစ်များဖြစ်သောလျှပ်စစ်ပစ္စည်း၊လမ်းတံတား၊ဘောကွင်း၊ခြင်းကွင်း၊ဆိုင်ကယ်ကား၊ဆေးပေးခန်း၊ဘုန်းကြီးကျောင်း၊စာကြည့်တိုက်၊ရေတွင်းရေကန်၊ကလေးထိန်းကျောင်းစသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။

စက်ဘီး၊အဂတ်အစား၊ရွှေအပ်ချုပ်စက်အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ လယ်လုပ်ငန်းစသည်တို့ကို ထိန်းချုပ်ထားပါသည်။

## အသုံးပြုမှု

ကျေးရွာ၏အရင်းအမြစ်ဖြစ်သောဆိုင်ကယ်၊ကား၊ဓါး၊ဦးထုပ်၊အဂတ်အစား၊ဘောကွင်း၊ခြင်းကွင်း၊လမ်းတံတား၊ဆေးပေးခန်း၊လျှပ်စစ်ပစ္စည်းစသည်တို့ကိုအမျိုးသားများအသုံးပြုပြီးအပ်ချုပ်စက်၊ရွှေ၊အလှကုန်ပစ္စည်း၊ပိုက်၊ထီး၊ဖိနပ်၊ဘုန်းကြီးကျောင်း၊စက်ဘီး၊စာသင်ကျောင်း၊ကောက်စိုက်တို့အားအမျိုးသမီးများသာအသုံးပြု၍အမျိုးသား/အမျိုးသမီးနှစ်ဦးလုံးအသုံးပြုသောအရင်းအမြစ်များမှာအုပ်ချုပ်ရေးမှူးရုံး၊စာကြည့်တိုက်၊ရေတွင်း၊ရေကန်၊အိမ်သုံးပစ္စည်း၊ကလေးထိန်းကျောင်းတို့ကိုအသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ -၁၇.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ကော်မတီဝင်များ၏ မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမြင့်ဦး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်အေးအေးမြင့် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးညိုဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးတင့်ဆွေဦး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၅ | ဒေါ်ယဉ်ယဉ်အေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၆ | ဦးကြည်ဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်စီစီနိုင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၈ | ဦးလှငြိမ်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်ငွေ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးသန်းဦး | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်ချင်းခိုင် | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးတင်ရှိန် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်တင်မိုး | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်အိမြတ်မွန် | ကျား | ငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်    ကျား-၇ယောက် + မ- ၇ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးမြင့်ဦး    ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
၂။ဒေါ်အေးအေးမြင့်    အုပ်စုစာရင်းကိုင်

**မှတ်တမ်းတင်သူ**
အမည်။ ဦးဇင်ကိုအောင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၇.၁၁.၂၀၁၇

## ၉။ ပုံစံ ၈-၁။ ကျေးရွာအချက်အလက်

### ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်၊** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးကျော်ဦး | 09-796664212 | ဦးအောင်နိုင်ဝင်း |

ပြည်နယ်၊တိုင်းဒေသကြီး ရခိုင် မြို့နယ် ကျောက်တော် ကျေးရွာအုပ်စု မရမ်းတော ကျေးရွာ မရမ်းတော

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) မြန်မာ | ၁၈၀ | ဘာသာ (၁) ဗုဒ္ဓ | ၁၈၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၇၂၉ | | |
| လူမျိုးစု (၁) မြန်မာ--- | ၃၆၄ | ၃၆၅ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၅၅ | ၂၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် အ.လ.က ၃ | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ ✓

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------
မိုးရာသီတွင်ကြာချိန်----------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြစိမ်းရောင်.............. (၄) အမျိုးသမီးရေးရာ
(၂) အရန်မီးသတ်........ (၅) မိခင်နှင့်ကလေး
(၃) ပြည်သူ့စစ်

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်ဦး

လက်မှတ် နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် ဦးဇော်နိုင်ဝင်း

လက်မှတ် နေ့စွဲ ၁၀၊၁၀၊၁၇

# ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဦးဇင်ကိုအောင် | | | | | |
| နေ့စွဲ - ၁၇. ၁၁. ၂၀၁၇ | | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း ( ၁ ) ☑ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | |
| ပြည်နယ် / တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း | | ကျေးရွာအုပ်စု မရင်းအေး | | ကျေးရွာ ဇရပ်အေး |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီး အခက်အခဲ | ၁ | သွားလာရေး အခက်အခဲ |
| ၂ | ဆေးပေးခန်း မရှိ၍ ကျန်းမာရေး အခက်အခဲ | ၂ | ငွေကြေးရည်ပါးသော အခက်အခဲ |
| ၃ | သွားလာရေး အခက်အခဲ | ၃ | လျှပ်စစ်မီး အခက်အခဲ |
| ၄ | ငွေကြေးရည်ပါးသော အခက်အခဲ | ၄ | သောက်သုံးရေ အခက်အခဲ |
| ၅ | သောက်သုံးရေ အခက်အခဲ | ၅ | စာကြည့်တိုက် မရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသားအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ကောင်းမွန်လာမည်။ | ၁ | ရွာတွင်း လမ်းများ ကောင်းမွန်လာမည်။ |
| ၂ | ရေကန် ဖြည့်စည်းကိုးများ ရှိလာမည်။ | ၂ | ရေကန် ဖြည့်စည်းကိုးများ ရှိလာမည်။ |
| ၃ | ဆေးပေးခန်း များ ရှိလာမည်။ | ၃ | ကျေးရွာစာကြည့်တိုက် ရှိလာမည်။ |
| ၄ | ကျေးရွာစာကြည့်တိုက် ရှိလာမည်။ | ၄ | ကျေးရွာကွက်သစ် လမ်းများ ကောင်းမွန်လာမည်။ |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ရွာတွင်းလမ်းတိုးချဲ့ ပြုပြင်ရန် | က + မ | 32,550,000 | ၈၂၂ |
| ၂။ | ရေကန်ဖြည့်စည်းကိုး ပြုပြင်ရန် | က + မ | 17,300,000 | ၈၂၂ |
| ၃။ | ဆေးပေးခန်း ပြုပြင်ရန် | မ | 3,000,000 | ၈၂၂ |
| ၄။ | စာကြည့်တိုက်တည်ဆောက်ရန် | က + မ | 8,000,000 | ၈၂၂ |
| ၅။ | ကန်ကြားလမ်း ကျောက်စီခင်းရန် | က + မ | ၂,000,000 | ၈၂၂ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမပင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဥ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဥ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | အလုပ်အကိုင်များ [illegible] | က + မ | |
| ၂။ | ကျေးရွာရှိအိမ်တိုင်း မီးလင်းရေး | က + မ | |
| ၃။ | ကျေးရွာရှိ အိမ်တိုင်းရေတွင်းကောင်းရရှိရေး | က + မ | |
| ၄။ | အသက်မွေးဝမ်းကျောင်း သင်တန်းများ | က + မ | |
| ၅။ | စိုက်ပျိုးရေး နည်းပညာ | က + မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။


အမည်---ဦးမြင့်ဦး--------- လက်မှတ်---[signature]--------- နေ့စွဲ---၁၇.၁၁.၂၀၁၇---

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ဖြင်ပမှုမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ကျေးရွာရှိ အိမ်ထောင်စု မီးလင်းရန် | ☑ မ ☑ များ | | |
| | ၂ | ကျေးရွာရှိ အိမ်ထောင်စု ရေကောင်းရရှိရန် | ☑ မ ☑ များ | | |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | အလုပ်အကိုင်များ ရရှိရန် | ☑ မ ☑ များ | | |
| | ၂ | စိုက်ပျိုးရေး နည်းပညာ | ☑ မ ☑ များ | | |
| | ၃ | အသက်မွေးဝမ်း ကျောင်းသင်တန်းများ | ☑ မ ☑ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| ပညာရေး | ၁ | | ☐ မ ☐ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |



| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

## ၁၁။အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဗရင်းဘေးကျေးရွာ ၊ တိုက်ကြီးကျောင်း ဓမ္မာရုံ

ပြုလုပ်သည့်နေ့ရက် ။ ၁၇.၁၁.၂၀၁၇ (သောကြာနေ့)

ပြုလုပ်သည့်အချိန် ။ နေ့လည် (၁၂) နာရီ

ကျေးရွာအုပ်စုအမည် ။ ဗရင်းဘေးကျေးရွာအုပ်စု (ဗရင်းဘေးကျေးရွာ)

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးတက်ရောက်သူ ။ ။ ကျား (၅၈) ဦး၊ မ (၁၀၀) ဦး ၊ စုစုပေါင်း - ၁၅၈ ဦး

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ။ ။ ပထမအကြိမ်စီမံကိန်းမိတ်ဆက်အစည်းအဝေး

ရည်ရွယ်ချက်။ ။ ကျေးရွာလူထုအား လူထုဗဟိုပြုစီမံကိန်း အကြောင်း သိရှိနားလည်စေရန်၊ စီမံကိန်း အကောင်အထည်ဖော်ရာတွင် ကျေးရွာလူထု မှ တက်ကြွစွာ ပူးပေါင်းပါဝင်ရန်နှင့် ကျေးရွာ စေတနာ့ဝန်ထမ်း ထွက်ပေါ်လာစေရန်ရည်ရွယ် သည်။

ဆွေးနွေးချက်။ ။ အဖွင့်အမှာစကား အား ရပ်မိရပ်ဖ တစ်ဦးမှ ပြောကြားခဲ့ပါသည်။ လူထုဗဟိုပြုစီမံကိန်းမှ လူထုစည်းရုံးရေးမှူး ဦးစင်ကိုအောင်မှ လူထုဗဟိုပြု စီမံကိန်းမိတ်ဆက်နှင့် စီမံကိန်းကို အဆိုင်း (၆) ဆိုင်း ၊ အဆင့် (၁၄) ဆင့် ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ကျေးရွာလူထု အား ရှင်းလင်းပြောကြားခြင်းနှင့် အပြန်အလှန် ဆွေးနွေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ ပါသည်။ ထို့နောက် ယခင်နှစ်က လုပ်ကိုင်ဆောင်ရွက်နေ သော ကျေးရွာ စေတနာ့ဝန်ထမ်းများအား ပြန်လည်ဖွဲ့စည်းရွေးချယ်နိုင်ကြောင်းနှင့် ရွေးချယ် ရာတွင် စီမံကိန်းနှင့် အမှန်တကယ် ပူးပေါင်းဆောင်ရွက်နိုင်သော သူများ ကိုသာ အဆိုပြု ဖွဲ့စည်းရွေးချယ်ကြရန် ကျေးရွာ လူထုအား အကြံပြု ဆွေးနွေးခဲ့ပါသည်။ PRA Tools များနှင့် ပတ်သက်၍ PRA Tools

တစ်ခုချင်းစီအလိုက် နှင့် PRA Tools များကို ဘာကြောင့် လုပ်ကိုင်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ပထမနှစ် စက်ဝိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့သော ကျေးရွာစေတနာ့ဝန်ထမ်းအား ဒုတိယနှစ်စက်ဝိုင်း အတွက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ မေးမြန်းရာ ဆက်လက်ပါဝင် လုပ်ကိုင်မည်ဖြစ်ကြောင်းနှင့် ကျေးရွာလူထုမှ လည်း ကန့်ကွက်သူ မရှိ သဘောတူညီကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ကြပါသည်။

သဘောတူညီချက်။ ။ ဆက်လက် လုပ်ကိုင်ဆောင်ရွက်မည် ဖြစ်သော ကျေးရွာစေတနာ့ ဝန်ထမ်းများအား ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းလင်း ပြောကြားခဲ့ရာ ကျေးရွာစေတနာ့ဝန်ထမ်း များကလည်း သဘောတူ လိုက်နာ ဆောင်ရွက်နိုင်ကြောင်းနှင့် ကျေးရွာလူထုအား စီမံကိန်းနှင့် အတူတကွ ပူးပေါင်းပါဝင်ကြရန် ၊ ဒုတိယ စက်ဝိုင်းအား အကောင်းဆုံး ဖြစ်အောင်အကောင် အထည်ဖော်ဆောင်ရွက် သွားရန် ပြောကြားပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးဇော်ကိုအောင်

လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဖရမ်းအေးကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံ

ပြုလုပ်သည့်နေ့ရက် ။ ၁၇.၁၁.၂၀၁၇ (သောကြာနေ့)

ပြုလုပ်သည့်အချိန် ။ နေ့လည် (၁၂) နာရီ

ကျေးရွာအုပ်စုအမည် ။ ဖရမ်းအေးကျေးရွာအုပ်စု (ဖရမ်းအေးကျေးရွာ)

မြို့နယ်အမည် ။ ကျောက်တံခါး

---

အစည်းအဝေးတက်ရောက်သူ ။ ။ ကျား (၅၈) ဦး + မ (၁၀၀) ဦး ၊ စုစုပေါင်း = ၁၅၈ ဦး

အစည်းအဝေး ပြုလုပ်သည့် အကြောင်းအရာ ။ ။ စီမံကိန်းလုပ်ငန်းခွဲများ မဲပေးရွေးချယ်ခြင်း၊ ကျေးရွာ စီ/ထောက် ကော်မတီအား မဲပေး ရွေးချယ်ခြင်း

ရည်ရွယ်ချက် ။ ။ လူထုဗဟိုပြု စီမံကိန်း (ဒုတိယသုံးနှစ်စက်ဝန်း) အတွက် စီမံကိန်းလုပ်ငန်းခွဲများ ဦးစားပေးအဆင့် သတ်မှတ်နိုင်ရန်နှင့် ကျေးရွာ စီ/ထောက် ကော်မတီအား မဲစနစ်ဖြင့် ရွေးချယ်နိုင်ရန် နှင့် ကျေးရွာလူထုမှ လည်း အတူတကွ ပွင့်လင်းမြင်သာမှု ရှိစွာ မဲပေးရွေးချယ်နိုင်ရန် ရည်ရွယ်ပါသည်။

ဆွေးနွေးချက် ။ ။ ကျေးရွာလူထုအား ပထမသုံးနှစ်စက်ဝန်းက ရွေးချယ်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲများကို ယခု (ဒုတိယသုံးနှစ်စက်ဝန်း) တွင် ဦးစားပေး အဆင့် ပြန်လည် သတ်မှတ်ပြီး မဲပေးရွေးချယ်နိုင်ကြောင်း နှင့် ဦးစားပေး စီမံကိန်းလုပ်ငန်းခွဲများ ပြန်လည် မဲပေးရွေးချယ်ရာ တွင် လည်း ကျေးရွာ အတွက်ရရှိသော ထောက်ပံ့ငွေ ၊ ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်နှင့် ငွေကို အသုံးပြုပြီး ရရှိနိုင်သော အကျိုးအမြတ်ပေါ်တွင် မူတည်၍ ရွေးချယ်ကြရန် ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ယခုနှစ်က ကျေးရွာ စီ/ထောက် ကော်မတီဝင်များကို လည်း ပြန်လည် မဲပေး ရွေးချယ်နိုင်ကြောင်း ပြောကြားပြီး ၊ ရွေးချယ်ရာ တွင် လည်း စီမံကိန်းနှင့် အမှန်တကယ် ပူးပေါင်း ပါဝင် ဆောင်ရွက်နိုင်

သော လူမျိုးများကိုသာ အထူးပြု မဲပေးရွေးချယ်ကြ၍ အကြံပြု ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ကျေးရွာလူထု အား ပြန်လည် တင်ပြဆွေးနွေးရာ (ဒုတိယအကြိမ် စကောဝိုင်း) ကိုလည်း ပထမအကြိမ် စကောဝိုင်းက ရွေးချယ်ခဲ့သော ဦးစားပေး လုပ်ငန်းစဉ် အဆင့်များအတိုင်းသာ ဆက်လက် လုပ်ကိုင်သွားရန်ဖြစ်ကြောင်း ကျေးရွာလူထုမှ ကန့်ကွက်သူမရှိသဖြင့် ဆုံး ဖြတ်ခဲ့ကြပါသည်။ ကျေးရွာစီ/ထောက် ကော်မတီဝင်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ မေးမြန်းရာ ကျေးရွာစီ/ထောက် ဒေါ်ခင်ဆောင် ဒေါ်အေးအေး အား ဝယ်ယူရေးဆပ်ကော်မတီသို့ ရွှေ့ပြောင်းပေးရန်နှင့် ဝယ်ယူရေးဆပ်ကော်မတီမှ ဒေါ်အေးအေးမြင့် အား ကျေးရွာစီ/ထောက် ဒေါ်ခင်ဆောင်နေရာသို့ ရွှေ့ပြောင်းပေးနိုင်ရန် ကျေးရွာလူထုဝင်သဘောတူညီချက်တောင်းခံရာ ကျေးရွာလူထုမှ သဘောတူညီကြောင်းနှင့် ကျန်ရှိသောကော်မတီဝင်များကလည်း ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်းနှင့် ကျေးရွာလူထုမှလည်း ကန့်ကွက်သူမရှိ သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

သဘောတူညီချက်။ ။ ဒုတိယအကြိမ်စကောဝိုင်းအတွက် စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာစီ/ထောက် ကော်မတီအား မဲပေးရွေးချယ်ခြင်းကို [illegible] ကျေးရွာလူထုတို့မှ သဘောတူညီကြောင်း လက်မှတ်ရေးထိုး၍ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

(လက်မှတ်)

မှတ်တမ်းတင်သူ
ဦးဇော်ကိုအောင်
လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊